# ၁၉၅၄ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ကိုယ်ပိုင်ဈေးများကိုဒေသန္တရအဖွဲ့ပိုင် ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ဈေး" ဆိုသည်မှာ၊ မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (၁၄) တွင်အဓိပ္ပါယ်ဖေါ်ပြထားသည့်ဈေးကိုဆိုလိုသည်။

(ခ) "ကိုယ်ပိုင်ဈေး"ဆိုသည်မှာ၊မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၁၁၄၊ ပုဒ်မခွဲ (၁) အရဖြစ်စေ၊ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ၊ ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (၁) အရဖြစ်စေ၊တပ်မြို့ (Cantonments) အက်ဥပဒေ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ (၁) အရဖြစ်စေ၊ ကျေးလက် ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (၂) အရ ဖြစ်စေ၊ လိုင်စင်ထုတ်ပေးထားသောကိုယ်ပိုင်ဈေးကိုဆိုလိုသည်။ သို့ရာတွင် ဘုရားပရဝုဏ်အတွင်း၌ရှိသောဈေးမပါဝင်ချေ။

(ဂ) "ဈေးပိုင်ရှင်"ဆိုသည်မှာ၊ ကိုယ်ပိုင်ဈေးအတွက် လိုင်စင်ရသူကို၊ သို့တည်းမဟုတ် လိုင်စင်လက်ရှိထားသူကိုဆိုလိုသည်။

(ဃ) "ဒေသန္တရအဖွဲ့" ဆိုသည်မှာ၊ မြူနီစီပါယ် အက်ဥပဒေအရဖြစ်စေ၊ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေအရဖြစ်စေ၊ တပ်မြို့ အက်ဥပဒေ အရဖြစ်စေ၊ ကျေးလက် ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေအရဖြစ်စေ၊ နည်းလမ်းတကျ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့ကိုဆိုလိုသည်။

၃။ ။မြူနီစီပါယ်အက်ဥပဒေ ပုဒ်မ ၅၆ သည်၎င်း၊ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၄၁ သည်၎င်း၊တပ်မြို့ အက်ဥပဒေ ပုဒ်မ ၁၁၀ သည်၎င်း၊ကျေးလက် ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၅၅ သည်၎င်း၊ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေ ပုဒ်မ ၂၄ သည်၎င်း၊ ဤအက်ဥပဒေပါကိစ္စများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄။ ။အခြားတည်ဆဲ ဥပဒေတစ်ခုခုတွင်ဖြစ်စေ၊ သဘောတူ စာချုပ် စာတမ်း တခုခုတွင်ဖြစ်စေ၊ မည်သို့ပင်ဆန့်ကျင်လျက်ပါရှိစေကာမူ၊ နိုင်ငံတော် သမ္မတ သည် အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် မည်သည့်ကိုယ်ပိုင်ဈေးကို

အဘိုး—၁၀ ပြား]

မဆို ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်လိုက်သည်ဟု ကြေညာနိုင်သည်။ ယင်းသို့ကြေညာသည့်အခါ ထိုဈေးသည် အဆိုပါနေ့ရက်မှစ၍ သက်ဆိုင်ရာဒေသန္တရအဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်ရှိလာရမည့်ပြင်၊ ထိုဒေသန္တရအဖွဲ့ပိုင်ဖြစ်လာရမည်။

၅။ ။(၁) ပုဒ်မ ၄ တွင်မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် မည်သည့်ကိုယ်ပိုင်ဈေးကိုမဆို ဈေးပိုင်ရှင်ထံမှ သိမ်းယူလိုက်သည်ဟု ကြေညာနိုင်သည်။ ယင်းသို့ကြေညာသည့်အခါ၊ ထိုဈေးသည် နိုင်ငံတော်သမတ ခန့်ထားသည့် ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်ရှိလာရမည့်ပြင်၊ နိုင်ငံတော် သမတ က ပုဒ်မခွဲ (၃) အရ သက်ဆိုင်ရာဒေသန္တရအဖွဲ့သို့လွှဲအပ်ခြင်းမပြုမီ ထိုအဖွဲ့၏ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ဆက်လက်တည်ရှိရမည်။

(၂) ဈေးအုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်သမတ ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ မိမိသင့်လျော်သည် ထင်မြင်သည့်အတိုင်း ထိုဈေးရှိဈေးဆိုင်များနှင့် ဈေးရောင်းသည့်နေရာများကို အငှါးချထားနိုင်ရမည့်ပြင်၊ ထိုဈေးကိုလည်း မိမိသင့်လျော်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတ ပြဋ္ဌာန်းသည့်နည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ စီမံအုပ်ချုပ်နိုင်ရမည်။

(၃) ပုဒ်မခွဲ (၁) အရသိမ်းယူသောဈေးကို၊ မည်သည့်အခါတွင်မဆို နိုင်ငံတော်သမတ သည် အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်သည့်နေ့ရက်၌ သက်ဆိုင်ရာဒေသန္တရအဖွဲ့သို့ အပြီးအပိုင်လွှဲအပ်လိုက်သည်ဟု ကြေညာနိုင်သည်။ ယင်းသို့ကြေညာသည့်အခါ ထိုဈေးသည် အဆိုပါနေ့ရက်မှစ၍ သက်ဆိုင်ရာဒေသန္တရအဖွဲ့ပိုင်ဖြစ်ရမည်။

၆။ ။နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၄ အရ၊ ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပုဒ်မ ၅ ပုဒ်မခွဲ (၁) အရ ဈေးပိုင်ရှင်ထံမှ သိမ်းယူသည့်၊ ဈေး၏ မြေယာအဆောက်အဦစသည့်ပစ္စည်းများကို သီးခြားဖေါ်ပြ၍ ကြေညာရမည်။

၇။ ။(၁) နိုင်ငံတော်သမတ သည် ပုဒ်မ ၄ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၅ ပုဒ်မခွဲ (၁) အရ၊ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့ နောက်တလအတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သော ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ သိမ်းယူသည့်ပစ္စည်းများအတွက် ဈေးပိုင်ရှင်ကို ပေးသင့်သည့် တရားမျှတသောလျော်ကြေး၊ ဈေးပိုင်ရှင်က သက်ဆိုင်ရာ ဒေသန္တရအဖွဲ့ကိုပေးရန်ရှိသောကြွေးမြီများနှင့် ထိုဒေသန္တရအဖွဲ့က ဈေးပိုင်ရှင်ကိုပေးရန်ရှိသော ကြွေးမြီများ၊ ထို့ပြင်

(ခ) လျော်ကြေးပေးရမည့်နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရ လျော်ကြေးကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ဤအက်ဥပဒေအရ ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်သည့်၊ သို့တည်းမဟုတ် နိုင်ငံတော်သမတ က ဈေးပိုင်ရှင်ထံမှ သိမ်းယူသည့်ပစ္စည်းများ၏ ထိုသို့ဒေသန္တရအဖွဲ့ပိုင်ပြုလုပ်သည့်၊ သို့တည်းမဟုတ် သိမ်းယူသည့်နေ့၌ရှိကာလတန်ဘိုးကို၊ သို့တည်းမဟုတ် ထိုနေ့အထိထိုပစ္စည်းများ

အပေါ်တွင် ဈေးပိုင်ရှင်ကကုန်ကျသည့်စရိတ်ကိုကော်မရှင်အဖွဲ့က တရားမျှတမည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆောက်အဦတခု၏တန်ဘိုးကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ထိုအဆောက်အဦကိုဆောက်လုပ်စဉ်ကကုန်ကျငွေမှ ဤအက်ဥပဒေအရ ဈေးပိုင်ရှင်၏ပစ္စည်းများကိုသိမ်းယူသည့်နေ့အထိ ကုန်လွန်ခဲ့သောနှစ်များအတွက် တနှစ်လျှင် ၃ ရာခိုင်နှုန်းကျနုတ်ပယ်၍ ကျန်သောငွေနှင့်ညီမျှသောတန်ဘိုးအတိုင်းသတ်မှတ်ရမည်။

၈။ ။ပုဒ်မ ၇ အရလျော်ကြေးကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံးဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲတရားဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့ရာတွင် ထိုကော်မရှင်အဖွဲ့သည် တရားမျှတစွာဆောင်ရွက်ရမည်။

၉။ ။(၁) ကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးအား၊ အပ်နှင်းထားသောအာဏာများရှိရမည်—

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း၊
(ခ) သက်သေများကို လာရောက်စေရန်အတင်းအကြပ်ဆင့်ခေါ်ခြင်း၊ သက်သေစရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း၊
(ဂ) စာချုပ်စာတမ်းများကိုတင်ပြစေရန်အတင်းအကြပ်ဆင့်ဆိုခြင်း၊
(ဃ) သက်သေများကိုကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း၊
(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း၊
(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း၊
(ဆ) သက်သေများကိုစစ်ဆေးရန် အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထို့မှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက်ကွဲလွဲသည့်အခါ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင် တယောက်သည် ကော်မရှင်အဖွဲ့ဝင် အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစား၊ အခြားသူတယောက်ကိုခန့်ထားရမည်။ ထိုသူကိုကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ်ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည် မိမိ၏မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

၁၀။ ။သက်ဆိုင်ရာဈေးပိုင်ရှင်ကသော်၎င်း၊ သက်ဆိုင်ရာ ဒေသန္တရအဖွဲ့ကသော်၎င်း၊ အစိုးရကသော်၎င်း၊ လျော်ကြေးနှင့်စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ အယူခံဝင်နိုင်သည်။

၁၁။ ။(၁) နိုင်ငံတော်သမတ သည် ပုဒ်မ ၅ ပါကိစ္စများကိုဆောင်ရွက်ရန် အလို့ငှါ နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။ ထို့ပြင် ဆိုင်ရာဒေသန္တရအဖွဲ့က ဖြစ်စေ၊ ထိုအဖွဲ့ဆိုင်ရာ အာဏာပိုင်တဦးဦးကဖြစ်စေ၊ ထိုအဖွဲ့ပိုင်ဈေးနှင့် စပ်လျဉ်း၍တရားဥပဒေ အရသုံးစွဲဆောင်ရွက်နိုင်သည့် အာဏာများနှင့် တာဝန်ဝတ်တရားများကို ပုဒ်မ ၅ အရ သိမ်းယူသည့်ဈေးနှင့်စပ်လျဉ်း၍ သုံးစွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမတ က ဈေးအုပ်ချုပ်ရေးအဖွဲ့အား အပ်နှင်းနိုင်သည်။

(၂) အဆိုပါ အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အထူးသဖြင့် ထိုနည်းဥပဒေများသည် အောက်ပါကိစ္စများကို ပြဋ္ဌာန်းနိုင်သည်—

(က) ဈေးအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံ၊ ထိုအဖွဲ့၏ အာဏာများနှင့် တာဝန်ဝတ်တရားများ။

(ခ) ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ရာထမ်း မှုထမ်းများ ခန့်ထားခြင်းနှင့် ထိုသူတို့၏ လစာစရိတ်ကြေးငွေနှင့် အမှုထမ်း စည်းကမ်းများကို သတ်မှတ်ခြင်း။

(ဂ) ရာထမ်း မှုထမ်းများ၏တာဝန်ဝတ်တရားများနှင့်အာဏာများ။

(ဃ) နိုင်ငံတော်သမတ ထံ အစီရင်ခံစာများတင်သွင်းခြင်း။

(င) ဈေးအုပ်ချုပ်ရေးအဖွဲ့က ထားရှိရမည့်စာရင်းများကို စစ်ဆေးခြင်း။

(စ) ဈေးကိုပြုပြင်ထားရှိခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်း။

(၃) ဤပုဒ်မအရနည်းဥပဒေများပြဋ္ဌာန်းသည့်အခါ၊ နည်းဥပဒေတခုခုကို ဆန့်ကျင်သည့်အတွက် ကျပ်ငါးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဆက်လက်ဆန့်ကျင်သည့်အတွက် တနေ့လျှင် ငါးကျပ်ထိ ငွေဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်ဟု နိုင်ငံတော်သမတ ကပြဋ္ဌာန်းနိုင်သည်။

၁၂။ ။(၁) ဤအက်ဥပဒေအရ၊ ဈေးအုပ်ချုပ်ရေးအဖွဲ့က တောင်းခံရန် ကျန်ရှိသောဆိုင်ခ၊ ဈေးကောက်၊ ငါးရမ်းခ သို့တည်းမဟုတ် အခြားမပြေကျန်ငွေများကို မြေခွန်တော် မပြေကျန်ငွေကဲ့သို့ အရတောင်းဆိုနိုင်သည်။

(၂) နိုင်ငံတော်သမတ သည်၊ ထိုမပြေကျန်ငွေများကို မည်သည့်အရာရှိ၏ လျှောက်လွှာအရငှင်း၊ အမိန့်အရငှင်း၊ တောင်းဆိုနိုင်ရမည်ဟု အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

(၃) ဈေးအုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော်သတေ ၏ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးနောက်၊ ဆိုင်ခ၊ ဈေးကောက် သို့တည်းမဟုတ် ငါးရမ်းခနှင့် စပ်လျဉ်းသည့် ငွေတရပ်ရပ်ကိုဖြစ်စေ၊ ၎င်းကိုကောက်ခံရာ၌ ကုန်ကျသည့် စရိတ်ငွေတရပ်ရပ်ကိုဖြစ်စေ ဈေးအုပ်ချုပ်ရေးအဖွဲ့က တောင်းခံ၍မရတော့ပြီဟု ယူဆခဲ့လျှင် လျှော်ပစ်နိုင်သည်။

၁၃။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက် မည်သူကိုမျှတရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်း စွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရပြုလုပ်သည့်အပြုအမူအတွက် အစိုးရအား မည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှ စွဲဆိုခြင်းမပြုရ။

ပါမျကဒ၊—အမှတ် ၄၂၊ တရားရေးဝန်ကြီးဌာန၊ ၁၈-၁၁-၅၄—၂,၀၅၀—၂၊